## Third Sunday in Ordinary Time

**1st READING:** ***Isaiah 8:23-9:3***

ဟေရှာယအနာဂတ္တိကျမ်း ၈း ၂၃ – ၉း ၃

သို့သော်လည်း၊ဒုက္ခဆင်းရဲခြင်းကနှိပ်စက်ရသောပြည်သည်နောက်မှမှောက်မကိုနှင့်ကင်းလွတ်လိမ့်မည်။ဇာဗုလုန်ခရိုင်နှင့်နဿလိခရိုင်ကိုအထက်က ရှုတ်ချတော်မူသော်လည်း၊နောက်တဖန်အိုင်နားရှောက်သောလမ်း၊ယော်ဒန်မြစ်တဘက်၊တပါးအမျိုးသားနေရာ၊ ဂါလိလဲပြည်ကို ဂုဏ်အသရေနှင့် ပြည့်စုံစေတော်မူ၏။ မှောင်မိုက်ထဲမှာ သွားလာသော လူများတို့သည် ကြီးစွာသော အလင်းကိုမြင်ရ၍၊ သေမင်း၏နိုင်ငံအရိပ်တွင် ရှိနေသော သူတို့၌ အလင်းပေါ်ထွန်းလျက်ရှိ၏။ ကိုယ်တော်သည် အမျိုးသားတို့ကို များပြား စေ၍၊ သူတို့၏ဝမ်း မြောက်ခြင်းကိုတိုးပွား စေတော်မူ၏။ စပါးကို စုသိမ်းရာကာလ၌ ဝမ်းမြောက်သကဲ့သို့ရှင်း၊ လုယူသော ဥစ္စာကိုဝေယ်သောသူ ဝမ်းမြောက် သကဲ့သို့ရှင်းင်း၊ ရှေ့တော်၌ သူတို့သည် ဝမ်းမြောက်ကြပါ၏။ အကြောင်းမူကား၊ မိဒျန်လကထင်ကဲ့၌ပြုတော်မူသကဲ့သို့၊ကိုယ်တော်သည်သူတို့ထမ်းရသောထမ်းဘိုး၊ကျော၌ခံရသောတုတ်ကိုရှင်း၊ညှဉ်းဆဲသောသူ၏လံတံကိုရှင်း ချိုးတော် မူပြီ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  27:1, 4, 13-14

ဆာလံကျမ်း ၂၇

**သံပြိုင်။** ။ထာဝရဘုရားသည်ငါ၏အလင်း၊ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏ ။

**R. The Lord is my light and my salvation.**

၁။ ။ထာဝရဘုရားသည်ငါ၏အလင်း၊ငါ့ကိုကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ငါသည်မည်သူ့ကို
ကြောက် ရအံ့နည်း။ **သံပြိုင်။**

The LORD is my light and my salvation; whom should I fear? The LORD is my life's refuge; of whom should I be afraid?

၂။ ။ထာဝရဘုရားထံ၌တစ်ခုတည်းသောဆုကိုငါတောင်းလျှောက်၏ ။ငါလိုလားတောင့်တသောဆုကား၊
ရားသခင်၏အိမ်တော်တွင်ငါ့ဘဝတစ်သက်တာလုံးနေထိုင်၍၊သခင်ဘုရား၏တင့်တယ်လှပမှုကိုဖူးမျှော်ရန်နှင့်ဗိမာန်တော်
သည်ကိုယ်တော်ကိုသိကျွမ်းရန်ပင်ဖြစ်၏ ။ **သံပြိုင်။**

One thing I ask of the LORD; this I seek: To dwell in the house of the LORD all the days of my life, that I may gaze on the loveliness of the LORD and contemplate his temple.

၃။ ။အသက်ရှင်သူတို့နေထိုင်ရာအရပ်တွင်ထာဝရဘုရား၏ကောင်းမြတ်မှုခြင်းကိုတွေ့မြင်ရလိမ့်မည်ဟုငါယုံကြည်ပါ
၏ ။သခင်ဘုရားအားစောင့်ငံလျက်နေလော့။ခွန်အားယူ၍၊ရဲရင့်သောစိတ်နှလုံးရှိလော့။ထာဝရဘုရားအားစောင့်မျှော်လျက်
နေကြလော့။ **သံပြိုင်။**

I believe that I shall see the bounty of the LORD in the land of the living. Wait for the LORD with courage; be stouthearted, and wait for the LORD.

## 2nd READING: 1 Corinthians 1:10-13, 17
### ကော်ရင့်သုဩဝါဒပထမစာစောင် ၁း ၁၀–၁၃ ၁၇

ညီအစ်ကိုတို့ သင်တို့အားလုံးသည်သဘောတူညီကြလျက်၊အချင်းချင်းကွဲပြားမှုမရှိဘဲ၊တူညီသောဆုံးဖြတ်ချက်၊တူညီသောစိတ်ထားတို့ဖြင့်စည်းလုံးညီညွတ်စွာရှိကြစေရန်သင်တို့အားငါတောင်းပန်ပါသည်။ငါ၏ညီအစ်ကိုများဖြစ်ကြသောသင်တို့သည်အချင်းချင်းခိုက်ရန်ဖြစ်ပွါးကြကြောင်း၊လူတို့ကငါ့အားတိုင်ကြားကြသည်။ ငါဆိုလိုသည်မှာသင်တို့အသီးသီးကငါသည်ပေါလု၏တပည့်ဖြစ်၏။ငါသည်အပိုလို၏တပည့်၊ငါသည်စေဖ၏တပည့်ဖြစ်၏။ငါသည်ခရစ်တော်၏တပည့်ဖြစ်၏ဟုဆိုနေကြသည်။အကြောင်းမူကားခရစ်တော်သည်ဆေးကြောခြင်းပေးရန်ငါ့ကိုစေလွှတ်သည်မဟုတ်ဘဲ၊ဧဝံဂေလိသတင်းကောင်းကိုဟောပြောရန်သာစေလွှတ်ခြင်းဖြစ်သည်။ဉာဏ်ပညာကြွယ်ဝစွာဟောပြောရန်လည်းမဟုတ်၊သို့မဟုတ်လျှင်ခရစ်တော်၏ကားတိုင်တော်သည်ဘုန်းတန်ခိုးကင်းမဲ့သကဲ့သို့ဖြစ်ပေလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 4:12-23***

ရှင်မာတေဦး ဧဝံဂေလိကျမ်း ၄း ၁၂-၂၃

ယောဟန်ဖမ်းဆီးချုပ်နှောင်ခံရကြောင်းကိုသခင်ယေရှုသည်ကြားတော်မူလျှင်ဂါလိလေပြည်သို့ပြန်ကြွသွားတောမူ၏ ။ ကိုယ်တော်သည်နာဇရက်မြို့မှထွက်ခွာတော်မူ၍ဇာဗုလုံနှင့်နဿတာလိနယ်စပ်ရှိ၊ပင်လယ်ကမ်းခြေမြို့ဖြစ်သောကာဖာနာအုမ်မြို့သို့သွား၍သီတင်းသုံးတော်မူ၏ ။ဤအကြောင်းအရာသည်ကားပရောဖက်အီဇာယဟောထားချက်ပြည့်စုံစေရန်ဖြစ်သတည်း။ဟောထားချက်မူကား၊ဇာဗုလုံနှင့်နဿတာလိနယ်ရှိ၊ပင်လယ်ကမ်းခြေတစ်လျှောက်မှလည်းကောင်း၊ဂျော်ဒန်မြစ်တစ ်ဘက်ကမ်းမှလည်းကောင်း၊လူမျိုးခြားတို့နေထိုင်ရာဂါလိလေနယ်မှောင်မိုက်တွင်ရှိနေကြသောလူတို့သည်ကြီးစွာသောအလင်းကိုမြင်ကြရပြီ။သေမင်းနိုင်ငံ၏အရိပ်တွင်နေထိုင်ကြသောသူတို့အပေါ်သို့အလင်းတော်ပေါ်ထွန်းလေပြီဟူ၍ဖြစ်သတည်း။ထိုအချိန်မှစ၍သခင်ယေရှုကနောင်တရကြလော့။ကောင်းကင်နိုင်ငံတော်သည်နီးလာပြီဟုမိန့်တော်မူ၍တရားဒေသနာတော်ကိုစတင်ဟောကြားတော်မူလေ၏ ။သခင်ယေရှုသည်ဂါလိလေပင်လယ်ကမ်းခြေတစ်လျှောက်ကြွသွားတော်မူစဉ်ပင်လယ်၌ပိုက်ကွန်ချနေသောတံငါသည်ညီအစ်ကိုနှစ်ဦးဖြစ်သည့်ပေတရုအမည်ရှိစီမုန်နှင့်သူ၏အစ်ကိုအန္ဒြေုတို့ကိုမြင်တော်မူ၏ ။ ထိုအခါကိုယ်တော်ကငါ့နောက်သို့လိုက်ကြလော့၊ငါသည်သင်တို့ကိုလူဖမ်းသောတံငါသည်များဖြစ်စေမည်ဟုသူတို့အားမိန့်တော်မူ၏ ၊ချက်ခြင်းပင်သူတို့သည်လည်းမိမိတို့၏ပိုက်ကွန်များကိုထားခဲ့၍နောက်တော်သို့လိုက်ကြ၏ ။ ကိုယ်တော်သည်ထိုနေရာမှရှေ့သို့အနည်းငယ်ဆက်၍ကြွသွားတော်မူသောအခါ၊ဇေဗေဒေဦး၏သားများဖြစ်သည့်ယာကုပနှင့်သူ၏ညီယောဟန်တည်းဟူသောအခြားညီအစ်ကိုနှစ်ယောက်တို့သည်မိမိတို့ဖခင်နှင့်အတူလှေထဲတွင်ပိုက်ကွန်များပြင်ဆင်နေကြသည်ကိုမြင်တော်မူလျှင်သူတို့ကိုလည်းခေါ်တော်မူ၏ ။ထိုသူတို့သည်လည်းလှေနှင့်ဖခင်ကိုထားခဲ့၍နောက်တော်သို့ချက်ခြင်းလိုက်ခဲ့ကြ၏ ။ကိုယ်တော်သည်ဂါလိလေနယ်တစ်ဝှမ်းလုံးတွင်လှည့်လည်ကာသူတို့၏တရားဇရပ်များ၌ဆုံးမသွန်သင်တော်မူလျက်နိုင်ငံတော်နှင့်ဆိုင်ရာဧဝံဂေလိသတင်းကောင်းကိုဟောပြောတော်မူ၍လူတို့တွင်စွဲကပ်သောအနာရောဂါအမျိုးမျိုးတို့ကိုပျောက်ကင်းချမ်းသာစေတော်မူ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။